# စံထားလောက်သူ

အသက်တစ်ဆယ့်ကိုးနှစ်အရွယ်မှာ အိမ်ထောင်ကျတဲ့ ကျွန်မအဖို့ လောကကြီးအကြောင်းကို သိပ်သိလှပြီလို့ ထင်ခဲ့မိပေမယ့် တကယ်တမ်းမှာ ကျွန်မရဲ့ ယောက္ခမကြောင့်သာလျှင် ကျွန်မဟာ အိမ်ထောင်မှုထိန်းသိမ်းတတ်လာခြင်း၊ သားသမီးများကို သွန်သင်တတ်လာခြင်း နှင့်အတူမိခင်ကောင်းအမျိုး သမီးတစ်ယောက်ဖြစ်လာခဲ့ပါတယ်။

သူမအသက်ငါးဆယ့်ငါးနှစ်အရွယ်မှာ ကျွန်မဟာ ထိုမိသားစုဝင်ဖြစ်လာခဲ့ပါတယ်။ ယခုဆိုလျှင် သူမအိမ်ဘေးမှာ ကျွန်မရဲ့ အိမ်ကိုဆောက်လုပ်ပြီး ဒီလယ်ကွင်းထဲမှာ ကျွန်မတို့ အတူတူနေထိုင်ခဲ့ကြတာ သုံးဆယ့်ငါးနှစ်ပင်ရှိပြီးဖြစ်၍ တစ်ဦးနှင့် တစ်ဦး အကူအညီလိုလျှင် တယ်လီဖုန်းပင်ဆက် စရာမလို၊ ကားနှင့်ပင်မောင်းသွားစရာ မလိုဘဲ ကူညီယိုင်းပင်းနိုင်ခဲ့ကြပါတယ်။ ကျွန်မရဲ့ဘဝမှာ အခက်အခဲအမျိုးမျိုး၊ ပျော်စရာအမျိုးမျိုးကိုသူမနှင့်အတူ ဖြတ်ကျော်ကုန်လွန်ခဲ့ရတာမို့ အချိန်ကုန်မှန်း မသိကုန်ခဲ့ရပါတယ်။

သစ်ပင်စိုက်ခြင်း၊ ပေါင်းပင်သုတ်သင် ခြင်း ကိုတနေကုန် လုပ်ဆောင်ပြီးနောက် မောပန်းနွမ်းနယ်နေချိန်မှာ သူမဆီက “ထမင်းလာစားပါသမီး”လို့ ဖိတ်ခေါ်သံလေးတွေကိုလည်း မကြာခဏကြားရတတ် ပါတယ်။ အသားများ၊ အသီးအရွက်များတို့ကို ဘယ်ကဲ့သို့ ကြာရှည်ခံအောင် ထိန်းသိမ်းရသလဲဆိုတာ သူမ ပြသပေးတတ်သလို ညနေစာစားပြီးလျှင်တော့ ကျွန်မတို့နှစ်ဦးသား မီးဖိုချောင်မှာ အတူ တကွ သန့်ရှင်းရေးလုပ်လေ့ရှိကြပါတယ်။ အမဲသားချက်နည်း ပြုတ်နည်းအမျိုးမျိုးကို သူမ သင်ကြားပေးတတ်ပြီး ကျွန်မတို့နှစ်ဦးသား အင်္ကျီချုပ်သင်တန်း ကိုလည်း အတူတူ တက်ခဲ့ကြဘူးပါတယ်။ ထိုအင်္ကျီချုပ်သင်တန်း မှရရှိသောပညာနဲ့ သူမ ကိုယ်တိုင် ကျွန်မအတွက် အင်္ကျီချုပ်ပေးရင်း သူမရဲ့ လက်ရာနဲ့ ပတ်သက်ပြီး ဟာကွက်များကို ကျွန်မအား ဝေဖန်ခိုင်းရင်းနဲ့ တဦးနဲ့တဦး မိတ်သဟာရဖွဲ့ ခြင်းသည်ပင်လျှင် ပျော်စရာတမျိုးဖြစ်ခဲ့ရပါတယ်။ တစ်ခါတစ်ရံ ကျွန်မရဲ့ ခင်ပွန်းသည်နှင့်အတူ အလုပ်လုပ်ကြတဲ့ အမျိုးသားများအတွက် လိုအပ်မယ့် အရာများကို မြို့ပေါ်တက်ပြီး ဆောင်ရွက်ပေးကြရတဲ့အခါ ကျွန်မတို့နှစ်ဦးသား ဈေးဝယ်ဖို့အချိန်ကလေးကို ရအောင် ဖန်တီးယူပြီး မိသားစုအတွက် လိုအပ်တဲ့ ပစ္စည်းနဲ့ စားစရာများကို တပါတည်း ယူသွားနိုင်အောင် စီစဉ်လိုက်ကြတဲ့အခါတွေမှာလည်း ပျော်စရာကောင်းလှတယ်လို့ ကျွန်မခံစားခဲ့ရပါတယ်။

နှစ်ကြာလာသည်နှင့်အမျှ ကျွန်မတို့နှစ်ဦးကြားမှာ သံယောဇဉ်ကြိုးချည်နှောင်လာပြီး ကျွန်မဘာဘဲပြောပြော သူမ စိတ်ဝင်တစား နားထောင်ပေးတတ်သလို သူမရဲ့ ထွေးပိုက် ယုယမှုနဲ့ကြင်နာမှုကိုလည်း ကျွန်မ အမြဲတမ်းခံစားရပါတယ်။ ကျွန်မ

အိမ်ထောင်ကျခါစ သားသမီးသိပ်လိုချင် နေတဲ့အချိန်မှာ ကလေးမရနိုင်ခဲ့တုံး ကလည်း သူမဟာ ကျွန်မကို သိပ်သနားပြီး ကျွန်မနှင့်အတူ နှစ်နဲ့ချီပြီး ဆုတောင်းပေး ခဲ့ပါတယ်။ နောက်ဆုံး ကျွန်မတို့မိသားစုမှာ ပထမဦးဆုံးကလေးကိုရတဲ့အခါမှာလည်း သူမလည်း ကျွန်မနဲ့ထပ်တူ ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ခံစားခဲ့ရပါတယ်။ ဒီလို နဲ့အချိန်တွေကုန်လာလိုက်တာ သူမ အသက် ရှစ်ဆယ်ပြည့်ခါနီးမှာ သူမဟာ သိပ်မေ့တတ်တာကို ကျမ သတိထားမိပြီး ထိုကြောက် စရာကောင်းလှတဲ့ မေ့တတ်တဲ့ရောဂါဆိုးကြီး (Alzheimer)ဟာလည်း သူမရဲ့ဘဝကို စတင်ပြီး လွှမ်းမိုးလာပါတယ်။ ယခုဆိုလျှင် သူမရဲ့ အသက်ကိုးဆယ်ရှိပြီး နွေမိုးဆောင်းဆိုတာတွေကိုလည်း သူမ မသိတော့ပါဘူး။ ဘာပွဲတော်လာမလဲ ဆိုတာကိုပင် မသိတော့ ရုံမျှမက မိသားစုဝင်များရဲ့ ဝင်ထွက်သွားလာခြင်းနဲ့ အလည်အပတ်ပြုခြင်းကိုပင် မသိတော့ပါဘူး။ သူမ နှစ်သက်သော အိမ်မှုကိစ္စ များကိုလုပ်ရန်လည်း သူမ အတွက် အဆင်မပြေတော့ပါဘူး။ တစ်ခါတစ်ရံ သူမရဲ့ ခင်ပွန်းကိုပင် သူမ မမှတ်မိတော့ဘဲ ဘယ်ကလူစိမ်းတစ်ယောက် ငါတို့ အိမ်ထဲကိုရောက် နေပါလိမ့်ဆိုပြီး ကြောက်နေတတ်ပါတယ်။ သို့သော် ကျွန်မကို တွေ့လိုက်ရတဲ့အခါတိုင်း သူမရဲ့စိတ်ဟာ တည်ငြိမ်သွားတတ်ပြီး မျက်လုံးလေးပါအရောင်တောက်ပလာကာ "ကျေးဇူးတင်လိုက်တာကွယ်။ မင်းကိုတွေ့ရ တာ ငါ့ညီမကိုတွေ့ရသလိုဘဲ။ မင်းရှိပေလို့ဘဲ တော်ပါသေးရဲ့နော်" လို့ ပြောတတ်ပါတယ်။

ဤမျှချစ်စရာကောင်းတဲ့ ကျွန်မရဲ့ ယောက္ခမမှာ ဘာကြောင့်များ ဒီရောဂါဖြစ်ရပါလိမ့်ဆိုတာကို ကျွန်မနားမလည်သော်လည်း သူမကို တွေ့လိုက်ရတိုင်း သူမရဲ့ မျက်လုံးထဲမှာ ဘုရားသခင်ကို ကျွန်မတွေ့ နေရသလို ခံစားရပြီး သူမအားဖြင့် ဘုရားသခင်ဟာ ကျွန်မနဲ့ သိပ်နီးတယ်လို့ ကျွန်မ အမြဲခံစားရပါတယ်။ သူမရဲ့ အခြေအနေ တိုးတက်ဖို့ ကျွန်မဘာမှမလုပ်ပေးနိုင်သော်လည်း သူမကို ပြုစုဖို့နဲ့ မေတ္တာပေးဖို့ ကျွန်မ အစဉ်အမြဲ အဆင်သင့်ရှိနေပါတယ်။ ဒါကလည်း သူမရဲ့ ကောင်းသော သွန်သင်မှုနဲ့ လမ်းပြမှုများကြောင့်သာလျှင် ဖြစ်ပါတယ်။

*ဘုရားသခင်၏ နှုတ်ကပတ်တရား တော်ကို ကဲ့ရဲ့ခြင်းနှင့် ကင်းလွတ်စိမ့် သောငှာ၊ အသက်ပျိုသောမိန်းမတို့သည် ကိုယ်ခင်ပွန်းကိုချစ်သောသူ၊ သားသမီးကို ချစ်သောသူ၊ အိန္ဒြေ စောင့်သောသူ၊ စင်ကြယ်သောသူ၊ မိမိအိမ်ကိုပြုစုသောသူ၊ ကောင်းမွန်သောသူ၊ ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံသောသူ ဖြစ်စေခြင်းငှာ၊ အသက်ကြီးရင့်သော မိန်းမတို့သည် ဆုံးမပေးရကြမည်. . . .။ (တိတု ၂း၄)*

*-စတယ်လာဝေ-*

*(Judy A. Wagner ၏ Nuturing Across The Generations ကို ဆီလျော်အောင် ဘာသာပြန်ဆိုသည်)*